السنّة النبوية وعلومها
www.sunnah.global

အိစ်သိဂ်ဖာရ် (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံမှု) ရဲ့ ခေါင်းဆောင်မှာ

ရှဒ်ဒါးဒ် ဗင်န် အောင်စ် (ရသွိယလ္လာဟုအန်ဟု) ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) မိန့်ကြားတော်မူသည် - " အိစ်သိဂ်ဖာရ် (လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံမှု) ရဲ့ ခေါင်းဆောင်မှာ (အကောင်းဆုံးသော စကားမှာ) အသင် ဤသို့ ဆိုခြင်းဖြစ်၏ - «اللَّهُمَّ أَنْتَ رَبِّي لاَ إِلَهَ إِلَّا أَنْتَ، خَلَقْتَنِي وَأَنَا عَبْدُكَ، وَأَنَا عَلَى عَهْدِكَ وَوَعْدِكَ مَا اسْتَطَعْتُ، أَعُوذُ بِكَ مِنْ شَرِّ مَا صَنَعْتُ، أَبُوءُ لَكَ بِنِعْمَتِكَ عَلَيَّ، وَأَبُوءُ لَكَ بِذَنْبِي فَاغْفِرْ لِي، فَإِنَّهُ لاَ يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ» (အိုအလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန် တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်ဖြစ်ပါ၏။ အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် ကျွန် တော်မျိုးအား ဖန်ဆင်းတော်မူခဲ့ပါသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါသည်။ ကျွန်တော်မျိုး တတ်စွမ်းနိုင်သမျှ အရှင်မြတ်၏ ကတိကဝတ်ပေါ်၌ ရပ်တည်နေပါ၏။ ကျွန်တော်မျိုး ပြုလုပ်ခဲ့မိသော မကောင်းမှုများ၏ဘေးရန်မှ အရှင်မြတ်ထံ ခိုလှုံပါ၏။ ကျွန်တော်မျိုးအပေါ်အရှင်မြတ် ချီးမြှင့်တော်မူထားသော ကျေးဇူးတော်များကို ကျွန်တော်မျိုး ဝန်ခံပါ၏။ ကျွန်တော်မျိုး၏အပြစ်များကိုလည်း ဝန်ခံပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ဧကန်စင်စစ် အရှင်မြတ်သာလျှင် အပြစ်များကို ခွင့်လွှတ်တော်မူသော အရှင်ဖြစ်ပါသည်။)" ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) မိန့်တော်မူသည်မှာ - "မည်သူမဆို နေ့အချိန်တွင် ဤဒုအာကို ယုံကြည်မှုအပြည့်ဖြင့် ရွတ်ဆိုပြီး ထိုနေ့ညနေမတိုင်မီပင် သေဆုံးခဲ့လျှင် ထိုသူသည် ဂျန္နသ်သုခဘုံသားများထဲမှ ဖြစ်လိမ့်မည်။ ထိုနည်းတူ မည်သူမဆို ညဉ့်အချိန်တွင် ဤဒုအာကို ယုံကြည်မှုအပြည့်ဖြင့် ရွတ်ဆိုပြီး မနက်မိုးမလင်းခင် သေဆုံးခဲ့လျှင် ထိုသူသည် ဂျန္နသ်သုခဘုံသားများထဲမှ ဖြစ်လိမ့်မည်။ "

[صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမိန့်ကြားတော်မူသည်မှာ - လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခြင်း (အိစ်သိဂ်ဖာရ်) တွင် အမျိုးမျိုးသော စကားလုံးများ ရှိပြီး၊ ယင်းတို့အနက် အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံးမှာ ဗန္ဒဟ်ကျေးကျွန်က «اللَّهُمَّ أَنْتَ رَبِّي لاَ إِلَهَ إِلَّا أَنْتَ، خَلَقْتَنِي وَأَنَا عَبْدُكَ، وَأَنَا عَلَى عَهْدِكَ وَوَعْدِكَ مَا اسْتَطَعْتُ، أَعُوذُ بِكَ مِنْ شَرِّ مَا صَنَعْتُ، أَبُوءُ لَكَ بِنِعْمَتِكَ عَلَيَّ، وَأَبُوءُ لَكَ بِذَنْبِي فَاغْفِرْ لِي، فَإِنَّهُ لاَ يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ» (အိုအလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန် တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်ဖြစ်ပါ၏။ အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် ကျွန် တော်မျိုးအား ဖန်ဆင်းတော်မူခဲ့ပါသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါသည်။ ကျွန်တော်မျိုး တတ်စွမ်းနိုင်သမျှ အရှင်မြတ်၏ ကတိကဝတ်ပေါ်၌ ရပ်တည်နေပါ၏။ ကျွန်တော်မျိုး ပြုလုပ်ခဲ့မိသော မကောင်းမှုများ၏ဘေးရန်မှ အရှင်မြတ်ထံ ခိုလှုံပါ၏။ ကျွန်တော်မျိုးအပေါ်အရှင်မြတ် ချီးမြှင့်တော်မူထားသော ကျေးဇူးတော်များကို ကျွန်တော်မျိုး ဝန်ခံပါ၏။ ကျွန်တော်မျိုး၏အပြစ်များကိုလည်း

ဝန်ခံပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား
ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ဧကန်စင်စစ် အရှင်မြတ်သာလျှင် အပြစ်များကို
ခွင့်လွှတ်တော်မူသော အရှင်ဖြစ်ပါသည်။)" ဟု ရွတ်ဆိုခြင်းဖြစ်သည်။ ‌‌
ထိုစကားလုံးများတွင် လူသားသည် ၁။ အလ္လာဟ်အရှင်မြတ်အား တစ်ဆူတည်းသော
ကိုးကွယ်ရာအရှင်အဖြစ် ဦးစွာ ဝန်ခံခြင်း၊ ထိုအရှင်မြတ်သည်သာ မိမိ၏ဖန်ဆင်းရှင်နှင့်
ကိုးကွယ်ထိုက်သူဖြစ်ကြောင်း၊ အရှင်မြတ်၌ တွဲဖက်မရှိကြောင်း ဝန်ခံခြင်း။ ၂။
အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် နာခံခြင်းဆိုင်ရာ
ကတိသစ္စာကို မိမိတတ်စွမ်းနိုင်သမျှ ထမ်းဆောင်နေကြောင်း ဝန်ခံခြင်း။ အကြောင်းမှာ
ဗန္ဒဟ်ကျေးကျွန်သည် မည်မျှပင် အေဗာဒသ်ခဝပ်ကိုးကွယ်မှုများကို ဆောင်ရွက်စေကာမူ
အလ္လာဟ်အရှင်မြတ် အမိန့်ပေးတော်မူသမျှအားလုံးကို လိုက်နာနိုင်ခြင်း မရှိသကဲ့သို့
ကျေးဇူးတော်များအတွက် လိုအပ်သော ကျေးဇူးတင်မှုကိုလည်း ပြည့်ဝစွာ
ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ ၃။ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခြင်း၊
ထိုအရှင်မြတ်ထံ ကာကွယ်စောင့်ရှောက်မှု တောင်းခံခြင်း၊ အကြောင်းမှာ ကျေးကျွန်
ပြုလုပ်မိသော မကောင်းမှုများ၏ ဘေးရန်မှ ကာကွယ်ပေးနိုင်သူမှာ ထိုအရှင်မြတ်သာ
ဖြစ်သောကြောင့်ဖြစ်ပါသည်။ ၄။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ဝန်ခံခြင်း၊
မိမိ၏ အပြစ်များကို ဝန်ခံခြင်းနှင့် နောင်တရခြင်း။ ၅။ အလ္လာဟ်အရှင်မြတ်ထံ
ထိုသို့သောအကြောင်း ပြချက်များလျှောက်ထားပြီးနောက် အရှင်မြတ်၏ လွတ်
ငြိမ်းချမ်းသာခွင့်၊ ကရုဏာတော်နှင့် ကျေးဇူးတော်ဖြင့် မိမိ၏အပြစ်များကို
ဖုံးကွယ်ပေးပြီး ကာကွယ်စောင့်ရှောက်ပေးရန် ဒုအာတောင်းခံလေသည်။ ဧကန်စင်စစ်
ထိုအရှင်မြတ်သာလျှင် အပြစ်များကို ခွင့်လွှတ်တော်မူသော အရှင်ဖြစ်ပါသည်။ ထို့နောက်
တမန်တော်မြတ်က ဤသည် မနက်နှင့် ညတွင် ရွတ်ဖတ်ရသည့်ဇိကိရ်များအနက်မှဖြစ်ကြောင်း
မိန့်ကြားတော်မူသည်။ မည်သူမဆို ယုံကြည်မှုအပြည့်ဖြင့်၊ အဓိပ္ပါယ်များကိုနားလည်လျက်
ယင်းအပေါ် ယုံကြည်လျက် နေ့၏အစတွင် (နေထွက်ချိန်မှ မွန်းတည့်ချိန်အတွင်း) ရွတ်ဆိုပြီး
ကွယ်လွန်သေဆုံးပါက ဂျန္နသ်သို့ ဝင်ရောက်ရမည်။ ထို့ပြင် မည်သူ မဆို ညဉ့်အချိန်တွင်
(နေဝင်ချိန်မှ နေထွက်ချိန်အတွင်း) ရွတ်ဆိုပြီး မနက်မိုးမလင်း ကွယ်လွန်သေဆုံးပါက
ထိုသူလည်း ဂျန္နသ်သို့ ဝင်ရောက်ရမည်။
https://sunnah.global/hadeeth/my/show/5503